# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## စတုတ္ထနေ့အစီအစဉ်

## [၉-၇-၂၀၁၂] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များ က မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **လူမှုရေးအသင်းများအား လုပ်ငန်းသုံးယာဉ်များကို အခွန်ကင်းလွတ်တင်သွင်းခွင့်ပေးရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးမျိုးဆွေ၊ တနိုင်း မဲဆန္ဒနယ်၏ **သတ္တုတွင်းဥပဒေအရ လက်လုပ်လက်စားလုပ်ကွက်များ ခွင့်ပြုပေးရန်နှင့် သတ္တုတွင်း ဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်ခွင့်နှင့် လိုအပ်သော အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ပေးထားခြင်းရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဒေါ်ဇာတလဲမ်း၊ထန်တလန် မဲဆန္ဒနယ်၏ **လေယာဉ်ကွင်း တည်ဆောက်ပေးရန်နှင့်လေယာဉ်ပြေးဆွဲပေးရန်** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးအောင်ကြိုင်၊ ညောင်ဦး မဲဆန္ဒနယ်၏ **ဆည်(စံပြ)ကျေးရွာတွင် ချောင်းရေတိုက်စားမှုကာကွယ်ပေးရန်** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(င) ဦးခွန်လိန်း၊ ဖလမ်း မဲဆန္ဒနယ်၏ **ချင်းပြည်နယ်ရှိ မြို့နယ်များတွင် အလေ့ကျပေါက်နေသော ထင်းရှူးဆီထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အဝယ်ဒိုင်များ ဖွင့်လှစ်ပေးနိုင်ရေး** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(စ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **စက်မှုဇုန်ရှိ အရက်ချက်၊ သကြားစက်ရုံနှင့် အခြားစက်ရုံပေါင်းစုံမှ ညစ်ညမ်းစွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပုဒ်မနှင့် အညီ ဆောင်ရွက်ရန်** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဆ) ဦးသိန်းညွှန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **ကျူးကျော်သူများအား ဘဝရပ်တည်မှုအာမခံချက်ပေးရန်**နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အစည်းအဝေး ဒုတိယနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်။

(ခ) ဒေါက်တာဝင်းမြင့်၊ လှိုင် မဲဆန္ဒနယ်။

၇။ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၈။ အစည်းအဝေး ဒုတိယနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးရဲထွန်း၊ သီပေါ မဲဆန္ဒနယ်။

(ခ) ဦးဝင်းမြင့်၊ ပုသိမ် မဲဆန္ဒနယ်။

၉။ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၁၀။ အစည်းအဝေး ဒုတိယနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာ ကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးသောင်းဟန်၊ ယင်းမာပင် မဲဆန္ဒနယ်။

(ခ) ဦးဇော်ထွန်း၊ လပွတ္တာ မဲဆန္ဒနယ်။

၁၁။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၁၂။ ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **"ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ဥပဒေတစ်ရပ် ပြုနိုင်ရေး အတွက် ဥပဒေရေးဆွဲရန်"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း–

(က) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်။

၁၃။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၄။ ဦးငွေမောင်၊ ဆော မဲဆန္ဒနယ်က **"မြို့နယ်အဆင့်များကို မည်သည့်နှစ်တွင် မြို့ချင်းဆက်လမ်းကောင်းမွန်စေရမည်၊ မည်သည့်နှစ်တွင် လျှပ်စစ် ဓာတ်အားရရှိစေရမည် စသည်ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီမံချက်ချမှတ်ဆောင်ရွက်ရေး"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၅။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၆။ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူက **" ၂၀၁၂ ခုနှစ်၊ မြန်မာစာအဖွဲ့ ဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၁၇။ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီ က တင်သွင်းသော ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ မှ တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း။

၁၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီ က တင်သွင်းသော ဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း နှင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၉။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီက တင်သွင်းသော **"၂၀၁၂ခုနှစ်၊ စာစစ်အဖွဲ့ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီ အလိုက် ဆက်လက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၂၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။